ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၅၅)

# နန္ဒီ ဒုက္ခဿ မူလံ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၆)ရက်နေ့ည ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ညဥ့်ဦးယာမ် ဓမ္မသဘင် အခမ်းအနားဝယ် ဗိုလ်တထောင် မြို့နယ်၊ ၄၇-လမ်း၊ အမှတ်(၁၆၂/၁၆၄)နေ ကိုဝင်းဌေး+မစန္ဒာ၊ သား- မြတ်ဘုန်းခန့်၊ သမီးမြတ်ကြာဖြူ မိသားစုတို့၏ ဓမ္မဒါန အမတဒါနအဖြစ်ဖြင့် ဟောကြားအပ်သော ''နန္ဒီ ဒုက္ခဿ မူလံ'' တရားဒေသနာတော်။

''နန္ဒီ ဒုက္ခဿ မူလံ'' ဆိုတဲ့ ပါဠိဝါကျလေးကို ပုဏ္ဏောဝါဒသုတ္တန်မှာ တွေ့ရတယ်။ မူလ ပရိယာယ သုတ္တန်မှာလည်း တွေ့ရတယ်။ နန္ဒီ ဆိုတာ တဏှာရဲ့ အမည်တစ်ခုဖြစ်တယ်။ အာရုံငါးပါး ကာမဂုဏ်တရား တွေကို နှစ်သက်ခြင်း၊ တွယ်တာခြင်းဆိုတဲ့ တဏှာ တရားကို နန္ဒီ လို့ခေါ်တယ်။ ''နန္ဒီ- နန္ဒီဆိုတဲ့ တဏှာတရားသည်၊ ဒုက္ခဿ မူလံ-ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်း အရင်းပဲ'' လို့ မြတ်စွာဘုရား ဟောတော်မူတယ်။

***

## တဏှာ ဆန္ဒ

မြတ်စွာဘုရားက တဏှာရဲ့အမည်ကို ရံဖန်ရံခါ ပြောင်းလဲပြီး ''နန္ဒီ'' လို့ ဟောတဲ့အခါလည်း ရှိတယ်။ ''တဏှာ'' လို့ ဟောတဲ့အခါလည်းရှိတယ်။''ရာဂ'' လို့ ဟောတဲ့အခါလည်း ရှိတယ်။ အချို့ သုတ္တန်တွေမှာ ''ဆန္ဒော မူလံ ဒုက္ခဿ- ဆန္ဒဆိုတဲ့ တဏှာတရားသည် ဒုက္ခရဲ့ အရင်းအမြစ်ဖြစ်တယ်'' လို့ မြတ်စွာဘုရား ဟောတယ်။ ဒီသုတ္တန်တွေမှာ တဏှာရဲ့ အမည်နာမ တွေကို ပြောင်းလဲ ဟောထားတာ ဖြစ်ပေမယ့်လို့ တရားကိုယ်အားဖြင့်တော့ တဏှာပါပဲ။ ဆန္ဒ လို့ပဲ ဟောဟော၊ နန္ဒီ လို့ပဲဟောဟော အတူတူပဲ။

***

## တဏှာမဟုတ်တဲ့ ဆန္ဒ

သို့သော် ဆန္ဒ ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်က ကျယ်ဝန်းတယ်။ တဏှာမဟုတ်တဲ့ဆန္ဒ ဆိုတာ ရှိသေး တယ်။ ဒီ တဏှာနဲ့မတူတဲ့ ဆန္ဒကို တစ်ခါတစ်ရံ ဆန္ဒ လို့ပဲ ခေါ်တယ်။ ဥပမာ ''ဆန္ဒိဒ္ဓိပါဒ၊ ဆန္ဒာဓိပတိ'' ဒါတွေကျတော့ တဏှာကို ဆိုလိုတာ မဟုတ်ဘူး။ ''ဆန္ဒော မူလံ ဒုက္ခဿ''ဆန္ဒဟာ ဒုက္ခရဲ့အကြောင်းရင်း လို့ဟောတဲ့ သုတ္တန်မှာတော့ ဆန္ဒဆိုတာ တဏှာကို ဆိုလိုတယ်။

***

အနက်အဓိပ္ပာယ် ဆုံးဖြတ်ပုံ

ဆိုင်ရာဆိုင်ရာ စကား အဆက်အသွယ်ကို ကြည့်ပြီး အဓိပ္ပာယ်ကို ကောက်ယူရတယ်။ ဒီလိုမဟုတ် ဘဲ တသမတ်တည်း အဓိပ္ပာယ်ကို ကောက်ယူမယ် ဆိုရင် စာပေအယူအဆ အဓိပ္ပာယ် လွဲမှားနိုင်တယ်။ ဒါကြောင့် စာပေရေးရာနဲ့ ပတ်သက်လာရင် စကားလုံး တစ်ခုတည်းတင် မကြည့်ရဘူး။ အသင့်ယုတ္တိ၊ ဒေသ ကာလ တို့ကိုကြည့်ပြီး ဆုံးဖြတ်ရတယ်။ ''အတ္တ'' လို့ ဆိုတဲ့ လိုရင်းအနက်အဓိပ္ပာယ်နဲ့ ''ပကရဏ'' အရာဌာန ဆိုတာ ကြည့်ရတယ်။ ဒါတွေမကြည့်ဘဲနဲ့ ဆုံးဖြတ်မယ် ဆိုရင် အဓိပ္ပာယ် မှားယွင်းသွားနိုင်ပါတယ်။

စာပေနဲ့ ပတ်သက်လာလို့ရှိရင် စကားလုံးတစ်ခု မှာ ဆိုင်ရာဆိုင်ရာ ဆက်သွယ်နေတဲ့ အဓိပ္ပာယ်နဲ့ ပေါင်းစပ်ပြီး ယူရတယ်။ မြန်မာစကားမှာလည်း ဒီ အတိုင်းပဲ ရှိမှာပါ။ ဆိုင်ရာဆိုင်ရာ အကြောင်းတရား များနဲ့ စကားလုံးအသုံးကိုကြည့်ပြီး အကောင်းယူရတာ ရှိသလို အဆိုးယူရတာ မျိုးတွေလည်း ရှိတတ်တယ်။ ဥပမာ- ရောဟိတ ဆိုတဲ့ ပါဠိစကားလုံးလေးတစ်ခုဟာ ''ငါးကြင်း'' ကိုလည်းခေါ်တယ်၊ ''စိုင်'' ဆိုတဲ့ သတ္တဝါ ကိုလည်းခေါ်တယ်၊ ''ရောဟိတာ ဥဒကေ ယန္တိ'' ဆိုတဲ့ ဝါကျမှာ ''ဥဒကေ-ရေ၌ ၊ ယန္တိ-သွားကြတယ်'' လို့ ဆိုတော့ ''ဥဒကေ'' ဆိုတဲ့ ဒေသကိုကြည့်ရင် ရေထဲ မှာသွားတာ ''စိုင်'' တော့ မဖြစ်နိုင်ဘူး၊ ''ငါးကြင်း'' ပဲ ယူရမယ်ဆိုတဲ့အဓိပ္ပာယ် ရှင်းတယ်။ ဒါ နေရာဒေသကို ကြည့်ပြီး အဓိပ္ပာယ်ကောက်ယူတာ။ အဲဒီ လိုမဟုတ်ဘဲ နဲ့ ''ရောဟိတာ ဝနေ ယန္တိ'' ဆိုရင် ဝနေ ယန္တိ ဆိုတာ တောထဲမှာ သွားလာနေကြတယ်ဆိုတော့ ''ရောဟိတ'' ဟာ ဒီနေရာမှာ ''ငါးကြင်း'' မဖြစ်နိုင်ဘူး၊ ''စိုင်'' ပဲ ဖြစ်တယ်လို့ ဆုံးဖြတ်ရမယ်။

ဗမာစကားမှာလည်း ထို့အတူပဲ ဆိုင်ရာဆိုင်ရာ ဆက်သွယ်လာတဲ့ Word Contact လို့ခေါ်တဲ့ စကားလုံး ဆက်သွယ်မှုကို ကြည့်ပြီးတော့ အဓိပ္ပာယ်ကောက်ယူရတယ်။

***

တရားကိုယ်က တဏှာ

''နန္ဒီ''လို့ပဲသုံးသုံး၊ ''ဆန္ဒ''လို့ပဲသုံးသုံး တရားကိုယ် ကတော့ တဏှာပဲဆိုတဲ့ အဓိပ္ပာယ် ထင်ရှားတယ်။ မြတ်စွာဘုရားက ''ဆန္ဒော ဒုက္ခဿ မူလံ'' ဆန္ဒဆိုတဲ့ အတွယ်အတာတရားဟာ ဒုက္ခရဲ့ အကြောင်းအရင်း ဖြစ်တယ်လို့ ဂါမဏိသံယုတ် သုတ္တန်မှာ ဟောထား တယ်။ ''ပုဏ္ဏောဝါဒသုတ်'' နဲ့ ''မူလပရိယာယသုတ်'' မှာကတော့ ''နန္ဒီ ဒုက္ခဿ မူလံ''၊ ''နန္ဒီသမုဒယာ ဒုက္ခသမုဒယော''နန္ဒီဆိုတဲ့တဏှာ ဖြစ်လာတာဟာ ဒုက္ခ ဖြစ်ခြင်းရဲ့ အကြောင်းပဲလို့ မြတ်စွာဘုရား ဟောထား တယ်။ ဒီတော့ ''နန္ဒီ ဒုက္ခဿ မူလံ'' ဆိုတဲ့စကားလုံး ဟာ ကာမဂုဏ်အာရုံတွေပေါ်မှာ နှစ်သက်တွယ်တာမှု၊ တဏှာရာဂဟာ ဒုက္ခရဲ့ အကြောင်းရင်းဆိုတာ ပုံသေ ကားကျစကား၊ လုံးဝသေချာတဲ့ စကားတစ်ခုပဲ။

မြတ်စွာဘုရားဟောတဲ့ အရိယသစ္စာလို့ခေါ်တဲ့ မွန်မြတ်တိကျ မှန်ကန်တဲ့ သစ္စာ(၄)ရပ်ထဲမှာ ဒုတိယ သစ္စာဖြစ်တဲ့ ဒုက္ခသမုဒယဆိုတာ ဒါကိုပြောတာ။ ''ဒုက္ခဆိုတာ သိရမယ်၊ ထိုဒုက္ခဖြစ်ခြင်းအကြောင်းတရားကို သိရမယ်၊ ထိုဒုက္ခချုပ်သွားတဲ့နေရာကို သိရမယ်၊ ထို ဒုက္ခ ချုပ်ငြိမ်းကြောင်း အကျင့်တရားကို သိရမယ်'' လို့ မြတ်စွာဘုရားရဲ့ ဒေသနာတော်မှာ အဓိကဟောကြား ချက်ဖြစ်တဲ့ သစ္စာလေးပါးမှာ ဒုတိယသစ္စာအကြောင်း ကို ဒီကနေ့ဟောဖို့ပါ။ နန္ဒီ ဒုက္ခဿ မူလံ လို့ တရားရဲ့ နာမည်ပေးလိုက်တာ၊ ပါဠိအနေနဲ့ကလည်း မခက်ဘူး။

***